# သမတအိမ်တော်၊ ရန်ကုန်မြို့။

# ၁၉၄၉ ခုနှစ်၊ ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

## [၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၃။]

## ၁၃၁၁ ခု၊ သီတင်းကျွတ်လဆန်း ၉ ရက်။

## (၁၉၄၉ ခု၊ စက်တဘာလ ၃၀ ရက်။)

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကြေ ညာသည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

**၁၉၅၀ ပြည့်နှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။**

၁။ ။ ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များမှ စုစုပေါင်းငွေကျပ် ၇၇,၀၄,၀၂,၀၀၀ (ဤအက်ဥပဒေ နောက်ဆက်တွဲဇယားတွင် ဖေါ်ပြထားသည်။) ကိုထုတ်၍၊ ၁၉၅၀ ပြည့်နှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများ အတွက် ခွဲဝေသုံးစွဲ နိုင်သည်။

**၁၉၅၀ ပြည့်နှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက်ငွေချေးယူခြင်း။**

၂။ ။ (၁) ၁၉၅၀ ပြည့်နှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွင်းတွင်၊ ငွေစုစုပေါင်း ကျပ်၂၁,၈၂,၂၆,၀၀၀ ထက်မပိုသောငွေများကို၊ ဘဏ္ဍာရေးဝန်ကြီးသည် အစိုးရငွေချေးစာချုပ်များ ထုတ်ပေး ခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ၊ မည့်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။ ထို့ပြင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်ကလည်း၊ ထိုနှစ်အတွင်းတွင် ထိုငွေများကို ဘဏ္ဍာရေးဝန်ကြီးအား ထုတ်ချေးရမည်။ ထိုကဲ့သို့ ငွေချေးသောကိစ္စအတွက် ဘဏ္ဍာရေးဝန်ကြီးသည်၊ မိမိသင့်သည်ထင်မြင် သည့် အတိုးနှုန်း များ သတ်မှတ်၍၎င်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များ ထား၍၎င်း၊ အာမခံစာချုပ်များပြုလုပ်၍ ထုတ်ပေးနိုင်သည်။

(၂) ဤအက်ဥပဒေအရ ချေးယူရရှိသော ငွေအားလုံးကို ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်တွင် ထည့် သွင်းရမည်။

(၃) ဤအက်ဥပဒေအရ ထုတ်ပေးသည့် အာမခံစာချုပ်များနှင့် သက်ဆိုင်သော ငွေရင်းနှင့်အတိုးကို၎င်း၊ ဤအာမခံစာချုပ်များ ထုတ်ပေးသည့်ကိစ္စနှင့် ပတ်သက်၍ ကုန်ကျသည့် စရိတ်ငွေများကို၎င်း၊ ပြည် ထောင်စုနိုင်ငံ၏ အခွန်တော်များမှ ထုတ်ပေးရမည်။

နောက်ဆက်တွဲဇယား။

| အစိုးရဌာန။ | | | | | ခွဲဝေသုံးစွဲသည့်ငွေ။ |
| --- | --- | --- | --- | --- | --- |
| | | | | | ကျပ်။ |
| အကောက်တော်နှင့်နိုင်ငံတွင်း အကောက်တော် | | | --- | --- | ၂၃,၁၁,၀၀၀ |
| အမြတ်တော်ခွန် | | --- | --- | --- | ၉,၇၃,၀၀၀ |
| အစိုးရထီ | --- | --- | --- | --- | ၃,၀၀,၀၀၀ |
| မြေခွန်တော် | --- | --- | --- | --- | ၈၇,၄၅,၀၀၀ |
| ယစ်မျိုး | --- | --- | --- | --- | ၂၁,၁၉,၀၀၀ |
| တံဆိပ်တော်ခေါင်းများနှင့် မှတ်ပုံတင်မှု | | --- | --- | --- | ၃,၁၂,၀၀၀ |
| သစ်တော | | --- | --- | --- | ၆၁,၈၅,၀၀၀ |

| | | | | | |
|---|---|---|---|---|---|
| အခြားအခွန်များနှင့်အကောက်တော်များ | | --- | --- | --- | ၅,၇၁,၀၀၀ |
| မီးရထား | --- | --- | --- | --- | ၁၀,၆၀,၃၀,၀၀၀ |
| ဆည်မြောင်း အစရှိသည့် လုပ်ငန်းများ | | --- | --- | --- | ၅၇,၀၈,၀၀၀ |
| စာပို့တိုက်နှင့်ကြေးနန်း | | --- | --- | --- | ၁,၅၃,၆၃,၀၀၀ |
| အတိုးနှင့်ကြွေးမြီ | | --- | --- | --- | ၂၅,၀၃,၀၀၀ |
| ပါလီမန် | --- | --- | --- | --- | ၅၁,၈၅,၀၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု | | --- | --- | --- | ၁,၅၆,၂၂,၀၀၀ |
| စာရင်းစစ် | --- | --- | --- | --- | ၂၃,၁၄,၀၀၀ |
| တရားရေး | --- | --- | --- | --- | ၆၂,၅၇,၀၀၀ |
| အကျဉ်းထောင်များ | | --- | --- | --- | ၇၅,၀၀,၀၀၀ |
| ရဲအဖွဲ့ | --- | --- | --- | --- | ၅,၆၆,၉၂,၀၀၀ |
| ရေကြောင်းဆိုင်ရာနှင့် မီးပြတိုက်များ | | --- | --- | --- | ၄၈,၂၅,၀၀၀ |
| ခရစ်ယာန်ဘာသာရေးနှင့်နိုင်ငံခြားရေး | | --- | --- | --- | ၂၉,၉၆,၀၀၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများ | | --- | --- | --- | ၁၅,၃၇,၀၀၀ |
| ပညာရေး | --- | --- | --- | --- | ၂,၄၇,၁၉,၀၀၀ |
| ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေး | | --- | --- | --- | ၈၄,၀၃,၀၀၀ |

နောက်ဆက်တွဲဇယား။ ။ အဆုံး။

| အစိုးရဌာန။ | | | | ခွဲဝေသုံး စွဲသည့် ငွေ။ |
|---|---|---|---|---|
| | | | | ကျပ်။ |
| လယ်ယာ စိုက်ပျိုးရေး၊ သမဝါယမငွေစုငွေချေး လုပ်ငန်း နှင့် ငတ်မွတ်ခေါင်းပါးခြင်း ကယ်ဆယ်ရေး | --- | --- | --- | ၄၆,၆၆,၀၀၀ |
| စက်မှုလက်မှု အလုပ်အကိုင်များ | --- | --- | --- | ၇,၉၄,၀၀၀ |
| လေကြောင်း ပျံသန်းသွားလာမှု | --- | --- | --- | ၃၃,၇၀,၀၀၀ |
| အထွေထွေဌာနများ | --- | --- | --- | ၃၁,၀၆,၀၀၀ |
| ငွေစက္ကူ၊ ဒင်္ဂါး စသည်များနှင့် ဒင်္ဂါးသွန်းစက်ရုံ | --- | --- | --- | ၁,၀၀,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ | --- | --- | --- | ၂,၅၀,၀၀,၀၀၀ |
| ပင်ရှင်လစာငွေများ | --- | --- | --- | ၁,၅၉,၄၈,၀၀၀ |

| | | | | |
|---|---|---|---|---|
| စာရေးကိရိယာနှင့် စာပုံနှိပ်ခြင်း | --- | --- | --- | ၃၅,၀၄,၀၀၀ |
| အထွေထွေ | --- | --- | --- | ၅၅,၈၀,၀၀၀ |
| ကာကွယ်ရေး | --- | --- | --- | ၁၃,၄၈,၅၅,၀၀၀ |
| ပြည်သူ့ထောက်ပံ့ရေး | --- | --- | --- | ၉,၀၀,၈၄,၀၀၀ |
| ပြည်နယ် အစိုးရများသို့ ထောက်ပံ့ငွေ | --- | --- | --- | ၁,၅၀,၀၀,၀၀၀ |
| စစ်ကြောင့် ထွက်ခွါမသွားမီ တင်ရှိသည့် ကြွေးမြီတာဝန်များ | --- | --- | --- | ၁၅,၁၅,၀၀၀ |
| အထူးရငွေများမှ ကြီးပွါးရေးရံပုံငွေ အတွက်ကုန်ကျစရိတ် | --- | --- | --- | ၉၁,၀၀,၀၀၀ |
| စီမံကိန်းအဖွဲ့များသို့ ချေးငွေများ | --- | --- | --- | ၁၂,၀၈,၆၇,၀၀၀ |
| အခြားအတိုးရသည့် ကြိုတင်ထုတ်ပေးငွေများနှင့် အတိုးမရ သည့် ကြိုတင်ထုတ်ပေးငွေများ | --- | --- | --- | ၄,၉၇,၃၃,၀၀၀ |
| | | ပေါင်း | --- | ၇၇,၀၄,၀၂,၀၀၀ |

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**စဝ်ရွှေသိုက်၊**
**နိုင်ငံတော်ယာယီ သမတ၊**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်။**

**ရန်ကုန်မြို့၊ ၁၃၁၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်။**
**(၁၉၄၉ ခု၊ စက်တဘ်ာလ ၃၀ ရက်။)**

**အမိန့်အရ၊**
**ရွှေဘော်၊**
**နိုင်ငံတော်သမတအတွင်းဝန်။**
**[အမှတ် ၁၂၈ ]**